ABSDF
All Burma Students' Democratic Front

# နအဖ စစ်အုပ်စုမှ နိုင်ငံတော်အာဏာအား မတရားလုယက်သိမ်းပိုက်ခဲ့သည့် (၁၈) နှစ်ပြည့် သဘောထားထုတ်ပြန်ကြေညာချက်

နဝတ/နအဖ စစ်အုပ်စုမှ နိုင်ငံတော်အာဏာကို အကြမ်းဖက် လုယက်သိမ်းပိုက်ခဲ့သည်မှာ (၁၈) နှစ်တာကာလ တိုင်ခဲ့ပြီဖြစ်သည်။ ဤ (၁၈) နှစ်တာကာလကို သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်၏ အခြေအနေ အရပ်ရပ်အားလုံးမှာ ချွတ်ခြုံ ကျသွားခဲ့သည်။ အထူးသဖြင့် မြန်မာပြည် နိုင်ငံရေးအခြေအနေမှာ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အား အာဏာလွှဲပြောင်းပေးခဲ့ခြင်း မရှိသည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် နိုင်ငံရေးပါတီများအား ဖိနှိပ်ချေမှုန်းခဲ့ပြီး အနိုင်ရလွှတ်တော်အမတ်များအား ဖမ်းဆီးထိန်းသိမ်း နှိပ်စက်ညှဉ်းပန်းခဲ့သည်။ နိုင်ငံရေးပါတီများ၏ လွတ်လပ်စွာစည်းရုံးခွင့်၊ လှုပ်ရှားခွင့်များကို ကန့်သတ်ပိတ်ပင်ခဲ့သည်။ လူထုအား မတရားသည့် ဥပဒေပုဒ်မ များဖြင့် ဖိနှိပ်အုပ်ချုပ်ထားခဲ့သည်။ လူထုခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး အပါအဝင် တိုင်းရင်းသားခေါင်းဆောင်များကိုလည်း ဆက်လက်ဖက်ဆီး ထိန်းသိမ်းလျက်ပင်ရှိသည်။

ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မပါဝင်ဘဲ နအဖ မှ စစ်တပ်အာဏာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြဋ္ဌာန်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားညီလာခံမှာလည်း နိုင်ငံတကာကို လှည့်စား နိုင်ရေးအတွက် အကြောင်းပြချက်မျှသာ ဖြစ်သည်။ အချိန်ဆွဲရေးမူ၊ အသာစီးရရေးမူတို့ကိုလည်း ခိုင်ခိုင်မာမာ ဆုပ်ကိုင် ထားမြဲသာဖြစ်သည်။ နိုင်ငံတော်အာဏာကို မည်သည့်နည်းနှင့်မျှ လွှဲပြောင်းပေးလိုသည့် ဆန္ဒမရှိသည်မှာ သေချာလှ ပေသည်။

ထို့ပြင် နအဖ သည် ကြပ်ပြေးကို နောက်ဆုံးခံတပ်လုပ်၍ အုပ်ချုပ်စိုးမိုးရန် အလုံးအရင်းနှင့် ပြင်ဆင်နေသည်ကို ကြည့်ခြင်းအားဖြင့် နအဖ ၏ သဘောထားကို သိနိုင်ပေသည်။

နအဖ စစ်အုပ်စုအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေ့ရှုကာ မြန်မာပြည်သူတရပ်လုံးနှင့် နိုင်ငံတကာမှ မျှော်လင့်နေသော အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်များ၊ စစ်မှန်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ၊ ပြည်တွင်း ငြိမ်းချမ်းရေး လှုပ်ရှားမှုများကို သဘောထားမှန်မှန်ဖြင့် ဆောင်ရွက်လုပ်ကိုင်သင့်သော အချိန်သို့ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စေတနာမှန်မှန်နှင့် ဖြေရှင်းသင့်ပေသည်။ ဤအခြေအနေများကို လစ်လျူရှု၍ စစ်အုပ်စု အကျိုးစီးပွားတခုတည်းကိုသာ ရေရှည်ဦးတည် လုပ်ဆောင်နေပါက အနာဂတ် မြန်မာ့နိုင်ငံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့မှာ မည်သို့မျှ ကောင်းမွန်လာနိုင်ဖွယ်ရာ မရှိချေ။

မိမိတို့ (မကဒတ) ကျောင်းသားတပ်မတော် အနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် အစဉ်တစိုက် တောင်းဆိုခဲ့သည်။ နအဖစစ်အုပ်စုအနေဖြင့် နိုင်ငံတော်အာဏာအား ဆက်လက်၍ မတရား လုယက်သိမ်းပိုက်ထားရုံမက လက်နက်ဖြင့် ဗိုလ်ကျစိုးမိုးနေသမျှကာလပတ်လုံး (မကဒတ) အနေဖြင့်လည်း “လက်နက် ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲ” ပေါင်းစပ် တိုက်ပွဲဝင်ရေး လုပ်ငန်းစဉ်ကို ဆက်လက်ကိုင်စွဲလျက် တိုင်းရင်းသား ပြည်သူတရပ်လုံးနှင့်အတူ ဆက်လက် လက်တွဲချီတက် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ဤထုတ်ပြန်ကြေညာချက်၌ အလေးအနက် ဖော်ပြအပ်ပေသည်။

**စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။**
**ဒီမိုကရေစီတော်လှန်ရေး မုချအောင်ရမည်။**

ဗဟိုကော်မတီ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ)
ရက်စွဲ။ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်။

ပိုမိုသိရှိလိုပါက (၀၆ – ၁၆၂၃၅၈၂)

E-mail: absdfhq@csloxinfo.com